# ၂၀၂၀ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာနှိုင်းယှဉ်မှုအစီအစဉ် (ICP 2020 Round) အကောင်အထည်ဖော်ဆောင်ရန်အတွက် Training Workshop on Price Survey Sampling Design သင်တန်းဖွင့်လှစ်ပို့ချ

၂၀၂၀ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာနှိုင်းယှဉ်မှုအစီအစဉ် (ICP 2020 Round) အကောင်အထည်ဖော်ဆောင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ နည်းပညာပံ့ပိုးမှုဖြင့် **Training Workshop on Price Survey Sampling Design** သင်တန်းကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့မှ (၁၅) ရက်နေ့အထိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၌ ဖွင့်လှစ်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ဈေးနှုန်းစစ်တမ်းကောက်ယူခြင်းနှင့် နမူနာရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အခြေခံသဘောတရားများ၊ ကြိမ်နှုန်းပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှု၊ မြို့ပြ (သို့) ကျေးလက်နှင့် နေရာဒေသပေါ်မူတည်၍ ဈေးနှုန်းကောက်ယူရမည့် နည်းလမ်းများ၊ ၂၀၂၀ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာနှိုင်းယှဉ်မှုအစီအစဉ် Survey Framework ပေါ်ပေါက်လာစေရန်အတွက် ဒေသအလိုက်နမူနာအရွယ်အစား ရွေးချယ်ခြင်းနှင့် ဈေးဆိုင်များရွေးချယ်ခြင်းဆိုင်ရာ နည်းစနစ်များအား အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ Sampling Expert ဖြစ်သူ Dr. Jun Pacificadorမှ ဗဟိုစာရင်းအင်းအဖွဲ့(ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ ဝန်ထမ်း(၁၈)ဦးတို့ကို ဆွေးနွေးသင်ကြားပို့ချခဲ့ပါသည်။


Sampling Design for Outlet Selection

